# နိဒါန်း

# လက်တစ်ကမ်းအကွာမှ အောင်မြင်မှု

ခေါင်းဆောင်များအတွက် အဓိကအကျဆုံးသော လိုလားချက်သည် မိမိတို့၏အဖွဲ့အစည်းများအား စွမ်းရည်ရှိစေရန်၊ ထိရောက်မှုရှိစေရန်နှင့် အောင်မြင်မှုရရှိစေရန်ပင် ဖြစ်ပါလိမ့်မည်။ အမှန်တကယ် ယင်းသို့ဖြစ်လာစေရန်အတွက်လည်း ခေါင်းဆောင်အသီးသီးသည် ကွဲပြားခြားနားသော မဟာဗျူဟာအမျိုးမျိုးကို ချမှတ်လျက် မိမိတို့အဖွဲ့အစည်းများ၏ စွမ်းရည်များကို မြှင့်တင်ပေးနိုင်ရန် ကြိုးစားလျက်ရှိကြပေသည်။ များသောအားဖြင့် ထိုမဟာဗျူဟာများသည် မိမိတို့၏ကိုယ်ပိုင်အတွေ့အကြုံများ မြင်တွေ့ကြားသိနေရသော အခြားသူများ၏ အတွေ့အကြုံများနှင့် အထက်အဖွဲ့အစည်းများ၏ လမ်းညွှန်မှုများကိုသာ ပင်မ မဏ္ဍိုင်ပြုနေကြရသည်ကိုလည်း တွေ့ရှိနေရပါသည်။

အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသော စက်မှုသိပ္ပံနှင့် နည်းပညာရပ်များကြောင့် စီမံခန့်ခွဲရေးအခန်းကဏ္ဍသည် လိုက်လျောညီထွေ ပြောင်းလဲလာခဲ့ရပါသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်အတွင်း စီမံခန့်ခွဲမှုအတတ်ပညာ၏ တိုးတက်မှုအရှိန် အားကောင်းလာခဲ့ခြင်းသည် ယခုအခါ စက်မှုသိပ္ပံ၊ နည်းပညာရပ်များနှင့် အပြိုင် ရင်ဘောင်တန်းနိုင်သည့်အဆင့်သို့ ရောက်ရှိစေခဲ့ပြီဟု ဆိုနိုင်ပါသည်။ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာသော စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တွင် ကျွန်ုပ်တို့လိုလားလျက်ရှိသော **"အဖွဲ့အစည်းများကို စွမ်းရည်ထက်မြက်၍ ထိရောက်အောင်မြင်မှုရရှိရေးအကြောင်းကိစ္စ"** သည်ပင်လျှင် အဓိကရည်မှန်းချက်ပန်းတိုင် ဖြစ်နေသည်ကိုလည်း တွေ့ရှိနေရပြန်ပါသည်။

ရာ ထောင် မကသော ပညာရှင်များနှင့် ကျွမ်းကျင်သူများအား လုပ်ငန်းနယ်ပယ်အသီးသီး၊ ပထဝီဒေသအသီးသီးတွင် ဆယ်စုနှစ်ပေါင်းများစွာ ကွင်းဆင်းသုတေသနပြုချက်များနှင့် စစ်တမ်းကောက်ယူမှုများမှ တွက်ချက်မှုများကို အခြေခံပြီး အကြိမ်ကြိမ်စမ်းသပ်စစ်ဆေးမှုများဖြင့် လက်တွေ့လုပ်ငန်းခွင်များတွင် အသုံးပြုနေကြပြီဖြစ်သော စီမံခန့်ခွဲမှုနည်းနာများသည် ကျွန်ုပ်တို့၏လိုလားချက်များအတွက် အထောက်အကူပြုမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ သို့ဖြစ်လျှင် ၎င်းနည်းနာများကို ကျွန်ုပ်တို့သည် အဘယ်ကြောင့် မျက်ကွယ်ပြုနေကြရမည်နည်း။ လက်တစ်ကမ်းအတွင်းသို့ အသင့်ရောက်နေပြီဖြစ်သော အောင်မြင်မှုများရယူရန်အတွက် ကျွန်ုပ်တို့သည် လုပ်ရိုးလုပ်စဉ်အလုပ်များနှင့် တွေးရိုးတွေးစဉ် အတွေးအခေါ်များကို မစွန့်ခွါနိုင်သည့် လေ့နံ့ဓားထစ်အစွဲ၊ မျက်စိအောက်မြင်ရသမျှနှင့် စိတ်ထဲအလွယ်တကူပေါ်လာသမျှကိုသာ ကျေနပ်အားရနေသည့် ရရှိနိုင်မှုအစွဲ၊ တစ်နေရာတွင် ထူးခြားရလဒ် ရရှိလာသည်နှင့် ကျန်နေရာများတွင် အလားတူ လိုက်လုပ်တတ်သည့် လတ်တလောအစွဲတို့ကို ဖြုတ်ပစ်ရန် ဝန်မလေးသင့်ပါ။

ဤစာအုပ်တွင် ထင်ပေါ်ကျော်ကြားသော သုတေသီများ၏ အယူအဆများနှင့် စီမံခန့်ခွဲရေးနည်းလမ်းများကို သဘောသဘာဝသိရုံမျှသာ အကျဉ်းချုံး၍ ဖော်ပြထားပါသည်။ အခန်းခုနစ်ခန်းပါဝင်သည့်အနက် ရှေ့ပိုင်း အခန်းလေးခန်းသည် စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာသဘောဆန်ပြီး ကျန်အခန်းသုံးခန်းသည် အကောင်အထည်ဖော်ခြင်းအပိုင်း ဖြစ်ပါသည်။ စီမံခန့်ခွဲမှုဘာသာရပ်အားလုံးကို ခြုံငုံ၍ဖော်ပြခြင်းမဟုတ်ပါ။ အလယ်အလတ်အဆင့်နှင့် အောက်ပိုင်းအဆင့် အဖွဲ့အစည်းများတွင် အသုံးဝင်နိုင်မှုနှင့် ရှင်းလင်းလွယ်ကူမှုကို ဦးစားပေးရွေးချယ်၍ ပြုစုထားခြင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။